၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက် (စနေနေ့) နံနက် (၁၀) နာရီ အချိန်
UMFCCI (မင်္ဂလာခန်းမ) တွင် ကျင်းပပြုလုပ်သော
ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏
နဝမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်များ

ရက်စွဲ။ ။ ၂၀၂၆ခုနှစ် ၊ အောက်တိုဘာလ ၁၇ ရက်

ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက် (စနေနေ့) နံနက် (၁၀) နာရီတွင် စတင်ကျင်းပပြုလုပ်ခဲ့ကြပြီး အောက်ပါတို့ကို အစုရှယ်ယာရှင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်-

စဉ်	ဆုံးဖြတ်ချက်များ	ရလဒ်
၁။	၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်များအတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား အတည်ပြုရန်။	အတည်ပြုသည်။
၂။	၂၀၂၆ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးအခြေအနေများအပေါ် အခြေခံ၍ ကုမ္ပဏီမှအဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုရန်။	အတည်ပြုသည်။
၃။	ASPGB ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအားအတည်ပြုရန်။ **"ဒါရိုက်တာတစ်ဦးသည် လူပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင်အစုရှယ်ယာ (၂၀၀၀၀) စုအောက်မနည်း၊ အဖွဲ့အစည်းကိုယ်စားပြု ပုဂ္ဂိုလ်ဖြစ်လျှင် အဖွဲ့အစည်းသည် အစုရှယ်ယာ (၄၀၀၀၀) စုအောက်မနည်းသောအစုရှယ်ယာပိုင်ဆိုင်ရမည်"**	အတည်ပြုသည်။

၄။	၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ (၁၇၃) အပိုဒ်ခွဲ(ခ)အရ အလှည့်ကျဒါရိုက်တာ သုံးပုံတစ်ပုံ နုတ်ထွက်ရမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ဒါရိုက်တာများနုတ်ထွက်ခြင်းအားအတည်ပြုရန်- (က) ဦးလှဦး (ခ) ဦးဝင်းဇော် (ဂ) ဦးနေလင်းစိုး	အတည်ပြုသည်။
၅။	ကုမ္ပဏီဥပဒေပုဒ်မ ၁၇၃ (ဂ) အရလည်းကောင်း၊ ကုမ္ပဏီဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ်ခွဲ(၈၀)အရ လည်းကောင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာ အဖွဲ့ဝင်အသစ် (၂) ဦး တိုးချဲ့ခန့်အပ်မည်ဖြစ်ရာ အရည်အချင်းပြည့်မီသည့် ရှယ်ယာအရေအတွက်ပိုင်ဆိုင်ထားသည့် ရှယ်ယာရှင်များအနက်မှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်အပ်ခြင်းကို အတည်ပြုရန်- (က) ဦးရန်ကျင်ချမ်း (ခ) ဦးစိုးနိုင်	အတည်ပြုသည်။
၆။	၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် "ယခုနှစ်အတွက် နုတ်ထွက်သွားသော ဒါရိုက်တာ (၃)ဦး ပြန်လည်လျှောက်ထားခြင်းအား ပြန်လည်ခန့်ထားခြင်းကို အတည်ပြုရန်နှင့် တာဝန်ထမ်းဆောင်ရန်ရွေးချယ်ခြင်းခံရသော ဒါရိုက်တာ အဖွဲ့ဝင်များမှာ- (က) ဦးစိုးလှိုင် (ခ) ဦးအောင်အောင် (ဂ) ဦးနေလင်းစိုး (ဃ) ဦးအေးလွင် (င) ဦးဝင်းဇော် (စ) ဦးလှဦး (ဆ) ဦးကျော်မြဟန် (ဇ) ဦးရန်ကျင်ချမ်း (ဈ) ဦးစိုးနိုင် **ခန့်အပ်ခြင်းခံရသည့်လွတ်လပ်သောဒါရိုက်တာမှာ** (က) ဦးမြင့်လွင် လွတ်လပ်သောဒါရိုက်တာ	အတည်ပြုသည်။
၇။	၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ပြင်ပစာရင်းစစ်အဖြစ် Win Thin & Associate Audit Firm ခန့်အပ်ခြင်းအား အတည်ပြုရန်။	အတည်ပြုသည်။

ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် နဝမ အကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များအား အစုရှယ်ယာတစ်စု လျှင် အမြတ်ဝေစု (၅၀၀)ကျပ် ခွဲဝေပေးမည်ဖြစ်ကြောင်း နှင့် အစုရှယ်ယာ ခွဲခြမ်းပြီးနောက် ASPGB ၏ ထုတ်ဝေပြီးသော အစုရှယ်ယာစုစုပေါင်းမှာ (၃,၅၂၇,၆၁၂)စု မှ (၇၀,၅၅၂,၂၄၀) စု သို့ ပြောင်းလဲသွားကြောင်း ကြေငြာချက် ထုတ်ပြန်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ အစုရှယ်ယာ တစ်စုချင်းစီ၏ ကနဦးသတ်မှတ်တန်ဖိုး (Nominal Value) မှာလည်း ကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်း) မှ ကျပ် ၅၀၀/-(ကျပ်ငါးရာ)သို့ ပြောင်းလဲသွားသောကြောင့် မိမိတို့ပိုင်ဆိုင် ထားသည့် မူလအစုရှယ်ယာ ၁စုလျှင် အစုရှယ်ယာ ၂၀စု(၁:၂၀) အချိုး မူလအစုရှယ်ယာတစ်စုလျှင် အမြတ် ဝေစု ကျပ် ၅၀၀(ကျပ်ငါးရာ) အစား ၂၅/-ကျပ် ဖြင့် (ကျပ်နှစ်ဆယ့်ငါး)ဖြင့် အမြတ်ဝေစုရရှိခံစားရမည် ဖြစ်ပါ သည်။ အသေးစိတ်အစီအစဉ်များကိုထပ်မံကြေငြာပေးသွားပါမည်။

17/10/26

မြတ်သက်နွယ်
အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့